MYANMAR MEITI Extractive Industries Transparency Initiative

“ ပွင့်လင်းမြင်သာ တာဝန်ယူပါ ”

# (၁၇) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးမှတ်တမ်း (မူကြမ်း)

## နိဒါန်း

၁။ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ (၁၇) ကြိမ်မြောက်အစည်းအဝေးအား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက်နေ့၌ နေပြည်တော်၊ Horizon Lake View ဟိုတယ်တွင် နံနက် (၈း၃၀) နာရီမှ ညနေ (၅း၃၀) နာရီအထိ ကျင်းပခဲ့သည်။ အစည်းအဝေးအစီအစဉ်အား နောက်ဆက်တွဲ (က) တွင်ဖော်ပြထားသည်။

## ရည်ရွယ်ချက်

၂။ အစည်းအဝေးအား အောက်ပါကိစ္စရပ်များ ဆွေးနွေးနိုင်ရေးအတွက် ကျင်းပခဲ့သည်။

(က) PwC မှ လုပ်ငန်းနယ်ပယ်လေ့လာသတ်မှတ်ခြင်းအစီရင်ခံစာ (Scoping Study Report) တင်သွင်းရန်နှင့် ထိုအစီရင်ခံစာအားဆွေးနွေးရန်၊

(ခ) (၁၆) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုနှင့် လုပ်ငန်းသဘောတူညီချက် (Grant Agreement) သက်တမ်းတိုးမြှင့်မှုအပါအဝင် ရှေ့လုပ်ငန်းစဉ်လျာထားချက်များအား ရှင်းလင်းတင်ပြရန်၊

(ဂ) ရေအားလျှပ်စစ်ကဏ္ဍအစီရင်ခံစာ ထုတ်ပြန်မှုဆိုင်ရာ နောက်ဆုံးအခြေအနေများ ဆွေးနွေးရန်၊

(ဃ) သစ်တောကဏ္ဍအစီရင်ခံစာ နောက်ဆုံးအခြေအနေများ ဆွေးနွေးရန်၊

(င) Sub-national Coordination Unit (SNU) ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေများ ဆွေးနွေးရန်၊

(စ) Pre-Cadastre Working Group နှင့် Mining Cadastre တို့နှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေများ ဆွေးနွေးရန်။

## အစည်းအဝေးတက်ရောက်သူများ

၃။ (၁၇) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးသို့ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင်များ၊ အရန်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး၊ ရှမ်းပြည်နယ်မှလုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ကိုယ်စားလှယ်များ၊ ဘဏ္ဍာရေးမူဝါဒ၊ မဟာဗျူဟာနှင့် EITI ဌာနခွဲ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ တာဝန်ရှိ

ပုဂ္ဂိုလ်များ၊ PwC မှတာဝန်ရှိပုဂ္ဂိုလ်များနှင့် အခြားလေ့လာသူများ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတက်ရောက်သူများစာရင်းကို နောက်ဆက်တွဲ (ခ) တွင် ဖော်ပြထားသည်။

**သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌ၏ အဖွင့်အမှာစကား**

၄။ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေးတွင် စတုတ္ထအကြိမ် EITI အစီရင်ခံစာနှင့်ပတ်သက်၍ လုပ်ငန်း နယ်ပယ်လေ့လာ သတ်မှတ်ခြင်းအစီရင်ခံစာ (Scoping Study Report) အားဆွေးနွေးမည် ဖြစ်ကြောင်း၊ PwC မှ သက်ဆိုင်ရာဌာနများ၏ အချက်အလက်များအပေါ်အခြေခံ၍ Scoping Study Report အားတင်ပြလာကြောင်း၊ ထိုအစီရင်ခံစာအပေါ်အခြေခံ၍ ကိုယ်စားလှယ်များမှ ဝိုင်းဝန်းဆွေးနွေး ပေးရန်နှင့် စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း စတင်နိုင်ရန်အတွက် Materiality Threshold များအား အတည်ပြုပေးကြပါရန် တိုက်တွန်းပါကြောင်း၊ သတ်မှတ်ထားသည့် Materiality Threshold အပေါ် အခြေခံ၍ Template Training များဆက်လက် ကျင်းပရမည်ဖြစ်ကြောင်း၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ (၁၆) ကြိမ်မြောက်အစည်းအဝေးအား နိဝင်ဘာလ (၂) ရက်နေ့တွင် ကျင်းပခဲ့ကြောင်း၊ ထိုအစည်းအဝေးဆုံးဖြတ်ချက်များ၏ အကောင်အထည်ဖော်မှုအခြေအနေများ အား NCS မှ ရှင်းလင်းတင်ပြပေးမည်ဖြစ်ကြောင်း၊ (၉-၁၀-၂၀၁၈) ရက်နေ့တွင် လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပခဲ့ကြောင်း၊ (၅-၁၁-၂၀၁၈) ရက်နေ့တွင် ဦးဆောင်ကော်မတီအစည်းအဝေး ကျင်းပ၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ရန် လိုအပ်သည့်လုပ်ငန်းများအား သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများထံ တင်ပြနိုင်ခဲ့ကြောင်း၊ (၁၉-၁၁-၂၀၁၈) ရက်နေ့တွင် ဒုတိယအကြိမ်မြန်မာနိုင်ငံ EITI အစီရင်ခံစာများ ထုတ်ပြန်ကြေညာခြင်းနှင့် လူထုဆွေးနွေးပွဲအား အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ ထို့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆိုပါ အခမ်းအနားသို့ EITI ၏ ခေတ္တအမှုဆောင်ဒါရိုက်တာ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ သံရုံး များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရဌာနများ၊ ကုမ္ပဏီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြောင်း၊

၅။ ရှမ်းပြည်နယ် SNU ဖွဲ့စည်းခြင်းခရီးစဉ်လည်း သွားရောက်ပြီးဖြစ်ကြောင်း၊ အခြားကျန်ရှိ နေသော ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဖွဲ့စည်းရန်အတွက် ဝန်ကြီးချုပ်များထံသို့ ညွှန်ကြား ချက်များ ရောက်ရှိပြီးဖြစ်ကြောင်း၊ Beneficial Ownership Task Force နှင့်ပတ်သက်၍ Focal အဖွဲ့အစည်းအဖြစ် DICA အဖွဲ့အား ရွေးချယ်နိုင် ခဲ့ကြောင်း၊ MEITI ညှိနှိုင်းရေးရုံးနှင့် ချိတ်ဆက် ဆောင်ရွက်ရန်အတွက် ညှိနှိုင်းရေးတာဝန်ခံအဖြစ် ညွှန်ကြားရေးမှူးဦးမျိုးမင်းအား တာဝန်ပေးအပ် ခဲ့ကြောင်း၊ ထို့ကြောင့် NCS နှင့် DICA တို့၏ ပူးပေါင်းဆောင်ရွက်မှုများ အဆင်ပြေမည်ဟု ယုံကြည်ကြောင်း၊ BO Task Force ကိုလည်းပြင်ဆင်ဖွဲ့စည်းရန်အတွက် လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊

၆။ မိမိတို့အနေဖြင့် စတုတ္ထအကြိမ်အစီရင်ခံစာအား ၂၀၁၉ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းရမည် ဖြစ်သည့်အတွက် ယခုကျန်ရှိ နေသည့် (၄) လခန့်တွင် စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်များ၊ Reporting Template သင်တန်းများ၊ အပြန်အလှန် မေးမြန်းညှိနှိုင်းရမည့်ကိစ္စများ၊ အစီရင်ခံစာမူကြမ်း အဆင့်ဆင့်တွင် သုံးသပ်ပြင်ဆင်မှုများစသည့် လုပ်ငန်းစဉ်များအား ယခင်အစီရင်ခံစာများကဲ့သို့ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရမည် ဖြစ်သော ကြောင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည့် သက်ဆိုင်ရာဌာနများ၊ နယ်ပယ်သတ်မှတ်မှုတွင် ပါဝင်လာ မည့်ကုမ္ပဏီများ၊ ပံ့ပိုးဆောင်ရွက်ရမည့်တာဝန်ရှိသူများမှ အင်တိုက်အားတိုက် ပံ့ပိုးပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ Validation ရလဒ်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် သိရှိရမည်ဖြစ်ကြောင်း၊ ၂၀၁၉ ဖေဖော်ဝါရီလကုန်တွင် EITI Board အဖွဲ့ အစည်းအဝေးမှ မိမိတို့ နိုင်ငံအတွက် အတည်ပြုဆုံးဖြတ်ပေးရန်ရှိသည်ဟု အမှုဆောင်ဒါရိုက်တာ၏ ပြောကြားချက်အရ သိရှိရကြောင်း၊ ရှေ့ဆက်လုပ်ဆောင်ရမည့်လုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက် နိုင်ရန်အတွက် သတ်မှတ်အချိန်များအတိုင်း ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလို ကြောင်း စသဖြင့် အဖွင့်အမှာစကားပြောကြားခဲ့သည်။

**မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး၏ အမှာစကား**

၇။ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးက အမှာစကားပြောကြားရာတွင် (၁၆) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေးနောက်ပိုင်း ဆောက်ရွက်ခဲ့မှုများအား အကျဉ်းချုပ်တင်ပြ လိုကြောင်း၊ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်မြောက် အစည်းအဝေးအား ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ (၁၈) ရက်နှင့် (၁၉) ရက်တို့၌ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထိုအစည်းအဝေးဆုံးဖြတ်ချက်အရ BO လုပ်ငန်းစဉ် များနှင့်ပတ်သက်၍ Focal Agency အဖြစ်ဆောင်ရွက်နိုင်ရန်အတွက် ဦးဆောင်ကော်မတီအား တင်ပြဆွေးနွေးခဲ့ရာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန အားသတ်မှတ်နိုင်ခဲ့ကြောင်း၊ ဥက္ကဋ္ဌတင်ပြခဲ့သည့်အတိုင်း ဦးမျိုးမင်းအား ညှိနှိုင်းရေးတာဝန်ခံအဖြစ် သတ်မှတ်ခဲ့ကြောင်း၊ BO လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဒေသတွင်း အပြန်အလှန်လေ့လာသင်ယူနိုင်ရန်အတွက် နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးမှ ဖိတ်ကြားချက် အရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာန၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ကိုယ်စားလှယ် တစ်ဦးစီသည် နိုဝင်ဘာလ (၂၂) ရက်နှင့် (၂၃) ရက်တို့တွင် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက် လေ့လာနိုင်ခဲ့ကြောင်း၊ Mining Cadaster လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက် နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်တွင် Mining Cadaster လုပ်ငန်းစဉ် အတွက် ငှားရမ်းမည့် Consultant နှင့်ပတ်သက်သော ToR အားဆွေးနွေးခဲ့ပြီး ဦးဆောင် ကော်မတီထံသို့လည်းတင်ပြခဲ့ကြောင်း၊ Mining Cadaster Consultant နှင့်ပတ်သက်သည့် ToR (မူကြမ်း) အား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြထားပြီး

အတည်ပြုချက်တောင်းခံထားကြောင်း၊ Mining Cadaster လုပ်ငန်းစဉ်များအား ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်ရန်အတွက် Mining Cadaster Briefing Workshop အား ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက် နံနက်ပိုင်းတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများအား ရှင်းလင်းတင်ပြခဲ့ပြီး နေ့လည်ပိုင်းတွင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိသယံဇာတဝန်ကြီးများ၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော် သယံဇာတကော်မတီမှတာဝန်ရှိသူများ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိဌာနများမှ အမှုထမ်းအရာထမ်းများ၊ မိတ်ဘက်အဖွဲ့ အစည်းများ၊ SNU ကိုယ်စားလှယ်များအား ရှင်းလင်းတင်ပြနိုင်ခဲ့ကြောင်း၊

၈။ SNU ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်သောအစိုးရအဖွဲ့၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်များအား EITI လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်း တင်ပြခဲ့ကာ (၃၁) ရက်တွင် SNU Formation Work Shop အားကျင်းပခဲ့ကြောင်း၊ ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က SNU ဖွဲ့စည်းပြီးကြောင်း အမိန့်ကြော်ငြာစာ ထွက်ရှိခဲ့ကြောင်း၊ ယနေ့အစည်းအဝေး၌ ရှမ်းပြည်နယ် SNU မှ တက်ရောက်လာသည်ကို တွေ့ရ သဖြင့် များစွာဝမ်းသာကြောင်း၊ SNU ဖွဲ့စည်းရန်ကျန်ရှိသည့် မကွေးတိုင်းဒေသကြီး၌ နိုဝင်ဘာလ (၂၉) ရက်တွင် အလုပ်ရုံဆွေးနွေးပွဲကျင်းပပြီး ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် ရခိုင်ပြည်နယ်တွင် ဖွဲ့စည်းရေး အတွက် MSG ကိုယ်စားလှယ်များက ယနေ့အစည်းအဝေးတွင် အလေးအနက်ထားဆွေးနွေးပေးစေလိုကြောင်း၊ SNU များထပ်မံဖွဲ့စည်းရန်အတွက် ကျန်ရှိသော တိုင်းနှင့်ပြည်နယ် (၈) ခုအတွက် အမိန့်ကြော်ငြာစာထွက်ရှိထားပြီးဖြစ်တဲ့သည့်အလျောက် ရခိုင်ပြည်နယ်အပြင် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် သွားရောက်ဖွဲ့စည်းနိုင်မည် ဖြစ် ကြောင်း၊ MEITI Workplan ပါ လုပ်ငန်းစဉ်များ၊ Mining Cadaster လုပ်ငန်းစဉ်များ ပြီးပြည့်စုံစွာ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉ တွင်ကုန်ဆုံးမည့် Grant Agreement အား ထပ်မံသက်တမ်း တိုးပြင်ဆင်ရန်အတွက် ဦးဆောင်ကော်မတီထံသို့တင်ပြခဲ့ရာ Grant Agreement ကိုပြင်ဆင်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း၊ သစ်တောကဏ္ဍနှင့်ပတ်သက်သည့်အစီရင်ခံစာအား ယနေ့အပြီးသတ် ဆွေးနွေးမည်ဖြစ်ကြောင်း၊ PowerPoint နှင့်တင်ပြမည်ဖြစ်ကြောင်း၊

၉။ ယနေ့အစည်းအဝေးတွင် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာ ထွက်ရှိနိုင်ရန်အတွက် အရေးကြီးသည့် Scoping Study အားအတည်ပြုခြင်း၊ အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် Material Threshold ဖြတ်ခြင်းတို့အား လွတ်လပ်သောစာရင်း တိုက်ဆိုင်စစ်ဆေးသူ PwC မှ တင်ပြဆွေးနွေးမည်ဖြစ်ကြောင်း၊ MSG အနေဖြင့် အထူးအလေးထား ဆွေးနွေးပေးစေလိုကြောင်း၊ အစီရင်ခံစာတွင်ထည့်သွင်းရန် တစ်နှစ်ထက်တစ်နှစ်ကဏ္ဍများအား နယ်ပယ်ချဲ့ထွင်ခြင်းထက် လက်ရှိ ပါဝင်နေသည့် ကဏ္ဍများမှ ကိန်းဂဏန်းအချက်အလက်များ၊ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား အရည်အသွေးပိုမိုကောင်းမွန်

စေရန်၊ ကျစ်လစ်စေရန် ဆောင်ရွက်ခြင်းအားဖြင့် ပိုမိုကောင်းမွန်သည့်၊ ကျစ်လစ်သည့် အစီရင်ခံစာများထွက်ရှိနိုင်လာလိမ့်မည်ဟု အကြံပြုလိုပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသို့ BO Peer Learning Session သွားရောက်လေ့လာခဲ့သည့် ကိုယ်စားလှယ်များမှ အင်ဒိုနီးရှားနိုင်ငံတွင် EITI အစီရင်ခံစာနှင့်ပတ်သက်၍ လေ့လာခဲ့ရသည်များမှာ အင်ဒိုနီးရှားနိုင်ငံတွင် ရေနံ၊ သဘာဝဓါတ်ငွေ့ နှင့်သတ္တုကဏ္ဍတို့အပေါ်သာ အာရုံစိုက်ဆောင်ရွက်ပြီး အစီရင်ခံစာတွင်ပါရှိသည့် ကိန်းဂဏန်း အချက်အလက်များအပေါ် ဆန်းစစ်လေ့လာမှု ပြုလုပ်ကာ လိုင်စင်ချထားပေးမှုများအား ပြန်လည် သုံးသပ်ချက်များပြုလုပ်လျက်ရှိကြောင်း၊ ပိုမိုခိုင်မာသည့်၊ ကျစ်လစ်သည့် အချက်လက်များနှင့် ဆောင်ရွက်နေသည်ကို လေ့လာခဲ့ရကြောင်း၊

၁၀။ မြန်မာနိုင်ငံအနေဖြင့် ထုတ်ပြန်ထားသည့် အစီရင်ခံစာပါ ကိန်းဂဏန်းများ၊ အကြံပြုချက် များအား အစိုးရကြီးဌာနများ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့် ချိတ်ဆက်ဆောင်ရွက်ပြီး လက်ရှိသတ်မှတ်ထားသည့် နယ်ပယ်တွင်ပါဝင်သောကဏ္ဍများအား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းအားဖြင့် Candidate Country မှ Compliance Country ဖြစ်လာစေရေးကို အလေးထား ဆောင်ရွက်စေလိုကြောင်း၊ အချက်အလက် ဖြည့်သွင်းခြင်းဆိုင်ရာ သင်တန်း (Reporting Template Training) အား လာမည့်ဒီဇင်ဘာလပထမအပတ်တွင် ပြုလုပ်ရန် လျာထားသည့်အတွက် အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍမှ အားလုံးပါဝင်ကူညီပေးကြပါရန် မေတ္တာ ရပ်ခံအပ်ပါကြောင်း၊ စတုတ္ထအကြိမ်မြောက် အစီရင်ခံစာ ထွက်ရှိရေးအတွက် အချိန်အားဖြင့် (၄) လခန့်သာ ကျန်ပါကြောင်း၊ ထိုအချိန်အတွင်း စဉ်းစဉ်းစားစား ချင့်ချိန်ဆောင်ရွက်နိုင်ရန်အတွက် ဒုတိယ၊ တတိယအစီရင်ခံစာကဲ့သို့ ဝိုင်းဝန်းကူညီဖို့ မေတ္တာရပ်ခံအပ်ပါကြောင်း အမှာစကား ပြောကြားခဲ့ပါသည်။

**လုပ်ငန်းနယ်ပယ်လေ့လာသတ်မှတ်ခြင်းအစီရင်ခံစာ (Scoping Study Report) တင်သွင်းခြင်းနှင့် ဆွေးနွေးခြင်း**

၁၁။ PwC မှတာဝန်ရှိသူများက လုပ်ငန်းနယ်ပယ်လေ့လာသတ်မှတ်ခြင်းအစီရင်ခံစာအား ရှင်းလင်းတင်ပြရာတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ၊ သတ္တုကဏ္ဍ၊ ကျောက်မျက်၊ ကျောက်စိမ်း ကဏ္ဍနှင့် ပုလဲကဏ္ဍများ၏ အစိုးရဌာနများဖွဲ့စည်းပုံ၊ ဥပဒေမူဘောင်များစသည့် အချက်အလက် များအား ဦးစွာတင်ပြခဲ့သည်။ ဘဏ္ဍာငွေစီးဆင်းမှု၊ ထုတ်လုပ်မှုအချက်အလက်များ၊ အခွန်အခ အချက်အလက်များအားလည်း အကျဉ်းချုပ်တင်ပြခဲ့သည်။ ထို့နောက် Materiality Analysis အား ရှင်းလင်းတင်ရာတွင် အစိုးရကိုယ်စားလှယ်တစ်ဦးမှ ကုမ္ပဏီအမည်များနှင့်ပတ်သက်၍ သတ္တုတွင်း ဦးစီးဌာန စာရင်းပါကုမ္ပဏီအမည်များကိုသာ အတည်ယူရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ရွှေမိုင်း များနှင့်စပ်လျဉ်း၍ ရွှေကြိုသွင်းသည့်စနစ်ဖြစ်သည့်အတွက် ရွှေသွင်းခြင်းမရှိတော့ပါက အမှတ် (၂) သတ္တုတွင်းလုပ်ငန်း လိုင်စင်စာရင်းမှ ပယ်ဖျက်ကြောင်း၊ သို့သော် သတ္တုတွင်းဦးစီးဌာနစာရင်းတွင် တရားဝင်ပိတ်သိမ်းပြီးမှသာ အမည်စာရင်းမှဖယ်ရှားကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

၁၂။ PwC မှ ရေနံ နှင့်သဘာဝဓါတ်ငွေ့ကဏ္ဍအတွက် Downstream လုပ်ငန်းနယ်ပယ်လေ့လာသတ်မှတ်ခြင်းအား တင်ပြရာတွင် အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးမှ Cost Recovery မတွေ့ကြောင်းမေးမြန်းခဲ့သည်။ PwC မှတာဝန်ရှိသူတစ်ဦးက Cost Recovery ဆိုသည်မှာ ကုမ္ပဏီများမှ ရေနံတူးဖော်သော်အခါ ကုန်ကျစေရိတ်များရှိကြောင်း၊ ထိုကုန်ကျစရိတ်များအား နိုင်ငံတော်ဘက်မှ State Participation အတွက်ကျခံမှုရှိကြောင်း၊ ကုမ္ပဏီများဘက်မှ Operator's Statement ပို့ပေးသောအခါ MOGE မှ သွားရောက်စစ်ဆေးကြောင်း၊ မှန်ကန်မှုရှိပါက ထို fund အား ပြန်လည်လွှဲပြောင်းပေးရခြင်းဖြစ် ကြောင်း၊ ယင်းသည် Cost Recovery ဖြစ်ကြောင်း၊ MOGE မှပြန်ထွက်သောငွေကိုဆိုလိုကြောင်း ရှင်းလင်းခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးမှ ငွေပေးငွေယူရှိနေသည့်အတွက် ဖော်ပြပေး ရန်လိုကြောင်းအဆိုပြုရာ PwC မှတာဝန်ရှိသူတစ်ဦးက Scoping Study တွင် ထည့်သွင်းဖော်ပြ ပေးမည်ဖြစ်ကြောင်းနှင့် MOGE မှပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထိုအခါ အရပ်ဘက် ကိုယ်စားလှယ်တစ်ဦးက မည်သည့်အတိုင်းအတာထိ ပေးမည်နည်းနှင့် မည်သည့်အချိန်အတွင်း ပေးမည်နည်းဟု မေးမြန်းခဲ့သည်။ PwC မှတာဝန်ရှိသူက MOGE မှအချက်အလက်များသည် တစ်ပတ်အတွင်း ရလေ့ရှိကြောင်း ဖြေကြားခဲ့သည်။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း အရပ်ဘက်နှင့် မိမိဆွေးနွေးစရာများရှိကြောင်း၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍနှင့်ပတ်သက်၍ Downstream ပါဝင်မည်ဖြစ်ကြောင်း၊ Cost Recovery ၏ အဓိပ္ပာယ်များစွာရှိကြောင်း၊ Cash Hold ရှိသေးကြောင်း၊ ထဲထဲဝင်ဝင်လုပ်ငန်းများသည် ကျယ်ပြန့် ကြောင်းဆွေးနွေးခဲ့သည်။ ထို့နောက် PwC မှတာဝန်ရှိသူများက လုပ်ငန်းနယ်ပယ်လေ့လာ သတ်မှတ်ခြင်းအား ဆက်လက်တင်ပြခဲ့ပြီး ထိုအစီရင်ခံစာအား ထိုအပတ်အကုန်တွင် ပေးပို့မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၁၃။ PwC ၏တင်ပြချက်အပေါ်သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က ဆွေးနွေးရာတွင် အရပ်ဘက် ကိုယ်စားလှယ်တစ်ဦး၏ ယင်းလုပ်ငန်းနယ်ပယ်လေ့လာသတ်မှတ်ခြင်းအား ရွေးချယ်သတ်မှတ်ပုံ နှင့်ပတ်သက်၍ မေးမြန်းခဲ့မှုအား PwC မှတာဝန်ရှိသူတစ်ဦးက ဝန်ကြီးဌာနတစ်ခုစီမှ ရရှိသည့် အချက်အလက်များ၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနများအားလုံးအား ပေး သွင်းထားသည့်အပေါ် အားလုံးထည့်စဉ်းစားပြီး သတ်မှတ်ထားခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်က အကျိုးတူလုပ်ငန်းများပါဝင်မှု၊ အကျိုးတူလုပ်ငန်းများနှင့် ပုဂ္ဂလိက လုပ်ငန်းများအား ခွဲခြားကောက်ခံမှုနှင့်ပတ်သက်၍ ဆက်လက်မေးမြန်းမှုအား ပူးတွဲပါဝင်မည်ဖြစ် ကြောင်း၊ ခွဲခြားတင်ပြရန် နည်းပညာနှင့်လုပ်ငန်းခွဲကော်မတီအစည်းအဝေးတွင် အဆိုပြုခဲ့သော် လည်း ပြင်ဆင်ရန် အချိန်မမီသဖြင့် ခွဲခြားတင်ပြနိုင်ခြင်း မရှိကြောင်း၊ လိုင်စင်အများဆုံးကိုင်ဆောင် ထားသည့်ကုမ္ပဏီများစာရင်းအား သီးသန့်တင်ပြထားကြောင်း PwC ဘက်မှပြန်လည်ဖြေကြားခဲ့ သည်။ အရပ်ဘက်ကိုယ်စားလှယ်မှ အကျိုးတူလုပ်ငန်းများတွင် လုပ်ကွက်၊ လုပ်ကိုင်နေသည့်ကော၊ အခွန်စသည့်အချက်အလက်များဖြင့် တိုင်းအားလုံးပါဝင်အောင် ဆောင်ရွက်နိုင်ပါက ပိုမိုကောင်းမွန် မည်ဖြစ်ကြောင်း အဆိုပြုခဲ့သည်။ PwC ဘက်မှ လုပ်ဆောင်ပါက ထည့်သွင်းလုပ်ဆောင်မည်ဖြစ် ကြောင်း ပြောကြားခဲ့သည်။

၁၄။ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍနှင့်ပတ်သက်၍ ကိုယ်စားလှယ်တစ်ဦးက ဝက်ဆိုဒ်တွင် တင်ပြထားသော ဝန်ကြီးဌာန၏ဖွဲ့စည်းပုံဇယား (Organisation Chart) နှင့် PwC မှတင်ပြသော ဖွဲ့စည်းပုံဇယားတို့ မတူညီကြောင်း၊ Downstream နှင့်ပတ်သက်၍လည်း Downstream ၏ ဖွဲ့စည်းပုံဇယားကို ဖော်ပြရန်သင့်တော်ကြောင်း အကြံပြုခဲ့ရာ PwC သည်အစီရင်ခံစာတွင် ပါဝင်မည်ဖြစ်ကြောင်း ပြန်လည်တင်ပြခဲ့သည်။ Downstream Threshold ဖြတ်ပုံနှင့်ပတ်သက်၍ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးမေးမြန်းမှုအား PwC မှ MOGE၊ MPE၊ MPPE လက်အောက်ရှိ လုပ်ငန်းများအပြင် ပုဂ္ဂလိကကုမ္ပဏီများပါ ပါဝင်မည်ဖြစ်ကြောင်းတင်ပြခဲ့သည်။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း Downstream ကဏ္ဍအကျယ်အဝန်း၊ အခြားနိုင်ငံများတွင် ဆောင်ရွက်မှုတို့အား ရှင်းလင်းရာတွင် MPE ၌ ရေနံစိမ်းနှင့် သဘာဝဓါတ်ငွေ့များကို G to G ရောင်းချကြောင်း၊ MPE တွင်မည်သည့်ကုမ္ပဏီမှ စာချုပ်ချုပ်ဆိုထားခြင်းမရှိကြောင်း၊ မည်ကဲ့သို့ စာရင်းပြန်လည်တိုက်ဆိုင်စစ်ဆေးခြင်း (reconciliation) ပြုလုပ်မည်နည်းဟု မေးမြန်းဆွေးနွေးခဲ့ပြီး ဦးဆောင်ကော်မတီအစည်းအဝေးတွင်လည်း ဝန်ကြီးက ပေးသင့်ပေးထိုက်သည်များ ပေးရန် ညွှန်ကြားခဲ့ကြောင်း၊ စာရင်းများကို မိမိတို့ဘက်မှပေးနိုင်ကြောင်း၊ သို့သော်မည်သည့်ကုမ္ပဏီများနှင့် တိုက်ဆိုင်စစ်ဆေးမည်ဆိုသည့်အချက်ကို ဖြေကြားစေလိုကြောင်း ဖြည့်စွက်မေးမြန်းခဲ့သည်။ ထိုအခါ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက PwC သည်၎င်းတို့တင်ပြသွားသည်များကို ရနိုင်ကြောင်း၊ Downstream နှင့်ပတ်သက်၍ မိမိတို့ဘက်မှ ဖြန့်ဝေနေသည့် structure များကို ပေးရန်လိုအပ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။ အစိုးရကိုယ်စားလှယ်မှ မိမိတို့သည်လာရာမတူသော်လည်းလားရာတူညီကြောင်း၊ MPE သည်မိမိတို့ထံမှလည်းကောင်း၊ နိုင်ငံခြားမှလည်းကောင်း ဝယ်ယူချက်လုပ်ကြောင်း၊ မည်သည့်ကုမ္ပဏီနှင့်မျှဆက်စပ်ခြင်းမရှိကြောင်း၊ ဓါတ်ဆီ၊ ဒီဇယ်သည် တွင်းထွက်မဟုတ်ကြောင်း၊ နိုင်ငံတကာစံနှုန်းအရ ပြန်လည်စဉ်းစားသင့်ကြောင်း ဆွေးနွေးခဲ့သည်။

၁၅။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက PwC အား Downstream နှင့်ပတ်သက်၍ အချက်အလက်များကို ကောက်ခံရာတွင် မည်သည့်အခက်အခဲများဖြစ်ပေါ်နေသနည်း၊ အချိန်ကို ငဲ့ကွက်ပြီးလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အခြားနိုင်ငံများတွင်မရှိသော်လည်း သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့က ဆုံးဖြတ်ထားသည့်အတွက် ထိုအတိုင်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ IA အနေဖြင့် မည်သို့ ဆက်လက်အကောင်အထည် ဖော်ဆောင်မည်နည်းဆိုသည့်အချက်အား မေးမြန်းလိုခြင်းဖြစ်ကြောင်း၊ Onshore အရေအတွက်နှင့်ပတ်သက်၍လည်း အပြည့်အဝရပါသလားဟု မေးမြန်းခဲ့သည်။ PwC မှ တန်ဖိုးပြောင်းလဲမှု (Value Change) နှင့်ပတ်သက်၍ တင်ပြခဲ့ပြီး ဓါတ်မြေသြဇာအား ထည့်သွင်းထားခြင်းမရှိကြောင်း၊ Unilateral disclosure အနေဖြင့် သွားမည်လော၊ ကုမ္ပဏီမည်မျှအား စစ်ဆေးပေးရန် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ သတ်မှတ်စေလိုကြောင်း၊ တောင်းဆိုချက်အရ flow နှင့်တင်ပြထားကြောင်း ဆွေးနွေးခဲ့သည်။ ပုဂ္ဂလိကကိုယ်စားလှယ်တစ်ဦးကလည်း ဓါတ်မြေသြဇာအား IA အနေဖြင့် ထည့်သွင်းရန် မသတ်မှတ်ကြောင်း၊ ဓါတ်ဆီဆိုင်များသည် ကုန်သွယ်မှုနှင့်ပိုဆက်စပ်ကြောင်း၊ ယခုမိမိတို့ပိုမိုသိရှိလာပြီးသည့်နောက် စဉ်းစားရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးမှ အစည်းအဝေးမှတ်တမ်း၊

အစည်းအဝေးဆုံးဖြတ်ချက်များအား လေးစားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အထက်ပါဆွေးနွေးမှုများသည် နည်းပညာလုပ်ငန်းခွဲကော်မတီတွင် ဆွေးနွေးရမည်ဖြစ်ကြောင်း၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချရန်အတွက်သာ ဆွေးနွေးရမည်ဖြစ်ကြောင်း၊ အစိုးရကိုယ်စားလှယ်တစ်ဦးမှလည်း PwC ထံသို့အဆိုပါကိစ္စနှင့် ပတ်သက်၍ စာပို့ထားပြီးဖြစ်ကြောင်း၊ နည်းပညာလုပ်ငန်းခွဲကော်မတီတွင် ဆွေးနွေးသော်အခါ ယခုအစည်းအဝေးတွင် ဆွေးနွေးရန်ဆုံးဖြတ်ခဲ့ကြောင်း၊ အခြားနိုင်ငံများတွင် လုပ်ဆောင်နေသည်များကို တင်ပြခြင်းလည်း မရှိကြောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။

၁၆။ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးက မိမိတို့အစီရင်ခံစာထုတ်ပြန်မည့်အချိန်ကို မရွှေ့ဆိုင်းသင့်ကြောင်း၊ အချိန်မှီပြီးရန် လိုအပ်ကြောင်း အကြံပြုခဲ့သည်။ နည်းပညာတာဝန်ခံက မိမိတို့ဘက်တွင် အချိန် (၄) လသာကျန်ရှိကြောင်း၊ PwC မှတင်ပြသွားသည့် Scoping သည် Unilateral ဖြစ်ကြောင်း၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဆုံးဖြတ်ထားသကဲ့သို့ Downstream ပါဝင်ရန် Unilateral ထည့်သွင်းရန် စဉ်းစားစေလိုကြောင်း တင်ပြရာ အစိုးရကိုယ်စားလှယ်မှ သဘောတူကြောင်း၊ အရပ်ဘက်ကိုယ်စားလှယ်မှ PwC တင်ပြသွားသည့် Scoping တွင် SOE များပါဝင်မှုရှိ၊ မရှိ သိလိုကြောင်း အသီးသီးဆွေးနွေးခဲ့သည်။ နည်းပညာတာဝန်ခံက အခြားကဏ္ဍများအတွက် Scope ကိုလည်းပိုမိုချဲ့ရန်ရှိကြောင်း၊ ထို့ပြင် အကဲဖြတ်ဆန်းစစ်ခြင်းလုပ်ငန်းစဉ်တွင် ကနဦးအကဲဖြတ်ဆန်းစစ်ခြင်းအစီရင်ခံစာရရှိပြီးနောက်တွင် လိုအပ်သော Technical Gap များအားဆောင်ရွက်ရန်ရှိကြောင်း၊ ဌာနများသည် လုပ်ငန်းစဉ်နှစ်ခုအား တစ်ပြိုင်တည်းလုပ်ဆောင်ရမည်ဖြစ်ကြောင်းတင်ပြခဲ့သည်။ ထို့နောက် Scoping တွင်ပါဝင်မည့် သဘာဝဓါတ်ငွေ့ကုမ္ပဏီများ အပေါ်ဆွေးနွေးခဲ့ပြီး Scope တွင်ပါဝင်ရန်ကုမ္ပဏီများအား သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ အကြံပြုခဲ့သည်။ Downstream နှင့်ပတ်သက်၍ စာရင်းတိုက်ဆိုင်စစ်ဆေး၍ ရသည့်လုပ်ငန်းများအား စာရင်းတိုက်ဆိုင်စစ်ဆေးပြီး မရနိုင်သည့်လုပ်ငန်းများအား Unilateral ဖြင့်သာဖော်ပြရန်ဆွေးနွေးရာတွင် IA အနေဖြင့် ယခုနှစ်အတွက် Unilateral ဖြင့်ဖော်ပြရန်ဆွေးနွေးခဲ့သည်။ ပုဂ္ဂလိကကိုယ်စားလှယ်တစ်ဦးက Unilateral ဖြင့်သာ ဖော်ပြ၍ ရနိုင်မလား မေးမြန်းမှုအား ရနိုင်ကြောင်း၊ ယခင်နှစ်က ပုလဲကဏ္ဍအစီရင်ခံစာအတွက် Unilateral သာဖော်ပြခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင်မှ စာရင်းတိုက်ဆိုင်စစ်ဆေးမည်ဖြစ်ကြောင်း၊ အလားတူပင် Downstream အတွက် ယခုနှစ်တွင် Unilateral ဖြင့်သာဖော်ပြ၍ နောက်နှစ်တွင်မှသာ စာရင်းတိုက်ဆိုင်စစ်ဆေးရန် အစိုးရကိုယ်စားလှယ်တစ်ဦးက အကြံပြုခဲ့သည်။ ထို့နောက် Downstream တွင် Unilateral ဖြင့်သာဖော်ပြရန် သဘောတူခဲ့သည်။

၁၇။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက ရွှေနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် စာချုပ်ချုပ်ဆိုထားသည့်အတိုင်းပြပေးရန် အဆိုပြုကြောင်း၊ ယခင်နှစ်အစီရင်ခံစာတွင် အသုံးအနှုန်းခွဲပြားမှုများရှိခဲ့ကြောင်း ဆွေးနွေးခဲ့သည်။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း ကမ္ဘာပေါ်တွင် ရွှေနှင့်ပတ်သက်၍ Troy Ounce သာအသုံးပြုကြောင်း၊ နှစ်ယူနစ်လုံးဖြင့်ဖော်ပြလျှင် နိုင်ငံတကာနှင့်

မြန်မာပြည်တွင်း နှစ်ဘက်လုံးနားလည်နိုင်ကြောင်း၊ ထို့ကြောင့်နှစ်မျိုးလုံးဖြင့်ဖော်ပြပေးရန် အဆိုပြု ကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍအတွက် လုပ်ငန်းနယ်ပယ် အား သဘောတူသတ်မှတ်ခဲ့သည်။

၁၈။ သတ္တုကဏ္ဍ၏ လုပ်ငန်းနယ်ပယ်နှင့်ပတ်သက်၍ PwC မှတင်ပြသည့် ကုမ္ပဏီ (၃၁) ခုအပြင် လိုင်စင်အများဆုံးကိုင်ဆောင်ထားသည့် ကုမ္ပဏီ (၅) ခုထည့်သွင်းရန် ဆွေးနွေးရာတွင် အစိုးရကိုယ်စားလှယ်တစ်ဦးက လိုင်စင်အများဆုံးကိုင်ဆောင်ထားသည့်ကုမ္ပဏီ (၅) ခုသည် ကုမ္ပဏီ (၃၁) ခုစာရင်းတွင် ပါဝင်နိုင်ကြောင်း၊ ထို့ကြောင့် ကုမ္ပဏီ (၅) ခုအား မည်သို့ရွေးချယ်မည် နည်း၊ အချိန်ကိုလည်း ချိန်ဆရန်လိုအပ်ကြောင်း စသည့်ဖြင့် အကြံပြုဆွေးနွေးခဲ့သည်။ PwC ဘက်မှ ကုမ္ပဏီ (၃၁) ကိုရွေးချယ်ပြီး ထိုစာရင်းတွင်မပါသည့် အခြားကုမ္ပဏီ (၃) ခု သို့မဟုတ် (၅) ခုရွေးချယ်ရန် ပြန်လည်အကြံပြုခဲ့သည်။ အစိုးရကိုယ်စားလှယ်တစ်ဦးက အချို့သောကုမ္ပဏီများ သည်စူးစမ်းရှာဖွေရေးမှ ထုတ်လုပ်ရေးဘက်သို့ ကူးပြောင်းနေသည့်အချိန်ဖြစ်ကာ ဝင်ငွေမရှိသေး ကြောင်း၊ ယခုကုမ္ပဏီ (၃၁) ခုသည် ၈၀ ရာခိုင်နှုန်းလွှမ်းခြုံနိုင်သည့်အတွက် မိမိတို့သဘောထား မှာ ထိုအကြီးစားကုမ္ပဏီ (၃၁) ခုကိုသာ ထဲထဲဝင်ဝင် လုပ်စေချင်ကြောင်းလည်း တင်ပြခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက အကြီးစား၊ အသေးစား ခွဲစေလိုကြောင်း၊ အကျိုးတူလုပ်ငန်း များအားမည်သို့လုပ်ပေးနိုင်သည်ကို PwC မှအကြံပြုစေလိုကြောင်း ဆွေးနွေးခဲ့သည်။ PwC မှ sampling လုပ်ရာတွင် ယခင်နှစ်များက revenue အတိုင်းလုပ်ထားကြောင်း၊ segment အလိုက် ပြန်ခွဲနိုင်ကြောင်း၊ သို့သော် revenue တွင်လွှမ်းခြုံနှုန်းနည်းနိုင်ကြောင်း၊ ထို့ကြောင့် entity အားလွှမ်းခြုံမှုများလိုခြင်းနှင့် revenue အားလွှမ်းခြုံမှုများလိုခြင်းအနက် ပြန်ချိန်ဆရန်လိုအပ် ကြောင်း ဆွေးနွေးခဲ့သည်။

၁၉။ ဒုတိယဥက္ကဋ္ဌမှ အချိန်အရကြပ်တည်းနေကြောင်း၊ ဒီဇင်ဘာလတွင် တင်းပြည့်ဖြစ်၊ မဖြစ် သိရှိရမည်ဖြစ်ကြောင်း၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးတို့နှင့်တိုင်ပင်သော်အခါ တင်းပြည့် ဖြစ်ရေးအတွက် အရင်လုပ်ဆောင်လိုကြောင်း၊ ရှိပြီးသားပုံစံအောင် ပြည့်စုံအောင် လုပ်ဆောင်လို ကြောင်း၊ IA သည်အသစ်ဖြစ်သကဲ့သို့ အချိန်နည်းနေပြီးဖြစ်ကြောင်း၊ လက်ရှိပုံစံကို ပိုမိုကျစ်လစ် အောင်ဆောင်ရွက်၍ ဒေတာများအမှန်အတိုင်းဖြစ်အောင် ဆောင်ရွက်စေချင်ကြောင်း ဖြည့်စွက် ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက ကုမ္ပဏီ (၃၁) ခုအား အကြီးစား၊ အသေးစား ခွဲစေလိုကြောင်းအဆိုပြုရာ အစိုးရကိုယ်စားလှယ်တစ်ဦးက Material Threshold နှင့် ဖြတ်ထားသဖြင့် ထိုကုမ္ပဏီအားလုံးသည် အကြီးစားများဖြစ်ကြောင်း၊ အကြီးစားကုမ္ပဏီများသည် လိုင်စင်များထုတ်ဖော်ရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက ဇယားဖြင့် ခွဲဖော်ပြ စေလို ကြောင်း၊ အစိုးရကိုယ်စားလှယ်တစ်ဦးက ကုမ္ပဏီတစ်ခုလျှင် ထိုကုမ္ပဏီမှ လုပ်ဆောင်နေသည့် လုပ်ကွက်အားလုံးဖော်ပြမည်ဖြစ်ကြောင်း၊ ထို့အတွက် အကြီးစားလုပ်ကွက်သာမက အသေးစား လုပ်ကွက်များပါပါရှိမည်ဖြစ်ကြောင်းဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက ကုမ္ပဏီတစ်ခုလျှင် ၎င်းတွင် အကြီးစားလုပ်ကွက်၊ အသေးစား

လုပ်ကွက်၊ ဧကမည်မျှရှိသည်အား ဇယား များဖြင့် ဖော်ပြစေလိုကြောင်း၊ PwC ဘက်မှလည်း ထို (၃၁) ခုတွင် အကြီးစားနှင့်အသေးစား ပါဝင်ကြောင်း၊ အသေးစိတ်ဖော်ပြပေးနိုင်ကြောင်း အပြန်အလှန်ဆွေးနွေးခဲ့သည်။ Tin၊ Tingsen အား မထည့်ရန်ဆွေးနွေးခဲ့ပြီး သတ္တုကဏ္ဍအတွက် Material Threshold သတ်မှတ်ခဲ့ကြသည်။

၂၀။ ကျောက်မျက်၊ ကျောက်စိမ်းကဏ္ဍနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် PwC သည် ကုမ္ပဏီ (၁၀၀) ကျော်ပါဝင်မည့် နည်းလမ်း (၃) အားအကြံပြုခဲ့သည်။ အစိုးရကိုယ်စားလှယ်တစ်ဦးက ကုမ္ပဏီများပါဝင်မှုနှင့် လွှမ်းခြုံမှုအားဖြင့် ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက နည်းလမ်း (၂) သည် ပို သင့်တော်ကြောင်း၊ ထိုကုမ္ပဏီ (၈၄) ခုတွင် သက်တမ်းကုန်သည့် ကုမ္ပဏီများနှင့် ချိတ်ဆက်ရန် ခက်ခဲကြောင်း၊ ကုမ္ပဏီအားလုံးဖြည့်နိုင်ရန် အားစိုက်ရမည်ဖြစ်ကြောင်း၊ လုပ်ကွက်အများဆုံး ကုမ္ပဏီကြီး (၁၀) ခုသည်လည်း ထိုကုမ္ပဏီ (၈၄) ခုတွင်ပါဝင်သွားနိုင်ကြောင်း ဆွေးနွေးခဲ့သည်။ ဒုတိယဥက္ကဋ္ဌက ကုမ္ပဏီ (၈၄) ခုဟုဆိုသော်လည်း သက်တမ်းကုန်သွားသည့်ကုမ္ပဏီသည် တစ်ဝက်ခန့်ရှိကြောင်း၊ မရှိတော့သည့်ကုမ္ပဏီများအား ဒေတာဖြည့်သွင်းခိုင်းရန် ခက်ခဲကြောင်း ဖြည့်စွက်ဆွေးနွေးခဲ့သည်။ PwC မှ ကုမ္ပဏီပါဝင်မှုကိုလျော့ချနိုင်ကြောင်း၊ လွှမ်းခြုံမှုပါ နည်းသွားနိုင်ကြောင်း တင်ပြခဲ့သည်။ ပုဂ္ဂလိကကိုယ်စားလှယ်တစ်ဦးက အကောက်ခွန်ဦးစီးဌာန၏ အချက်အလက်များသည် ကျောက်မျက်၊ ကျောက်စိမ်းပေါ် အခြေမခံကြောင်း၊ ကုမ္ပဏီ (၈၀) ကျော် ဖြစ်စေ၊ (၁၀၀) ကျော်ဖြစ်စေ ထိုကုမ္ပဏီများ၏ တစ်ဝက်ကျော်ကျော်သည် ဆက်လက်လုပ်ကိုင် ခြင်းမရှိတော့ကြောင်း၊ ထို့ကြောင့် တစ်နိုင်တစ်ပိုင်လုပ်ကိုင်နိုင်သည့် ကုမ္ပဏီ (၈၀) ကျော် ပါဝင် သည့် နည်းလမ်း (၂) ကိုအကြံပြုကြောင်း ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက လိုင်စင်များပိတ်သိမ်းခြင်း၊ ရပ်နားခြင်းသည် တစ်ကဏ္ဍဖြစ်သော်လည်း ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် ၌ အစိုးရအပြောင်းအလဲတွင် ကျန်ရှိနေသည့် အတိုင်းအတာအား ချိန်ဆနိုင်စေရန် နည်းလမ်း (၃) အားရွေးချယ်စေလိုကြောင်း တင်ပြခဲ့သည်။ PwC ဘက်ကမှ ကုမ္ပဏီများထံမှ အချက်အလက် မရရှိပါက စာရင်းတိုက်ဆိုင်စစ်ဆေးထားခြင်း မရှိသည့်ပမာဏ ကြီးနေနိုင်ကြောင်း တင်ပြခဲ့သည်။ ပုဂ္ဂလိကကိုယ်စားလှယ်တစ်ဦးက ဖြစ်နိုင်သည့်နည်းလမ်းအား ရွေးချယ်စေလိုကြောင်း၊ ကုမ္ပဏီများ အားလုံး ပါဝင်စေလိုကြောင်း၊ ဌာနအနေဖြင့်လုပ်နိုင်စွမ်းနှင့် PwC အနေဖြင့် အချိန်မှီပြီးစီးနိုင်ခြင်း ရှိ၊ မရှိအား စဉ်းစားစေလိုကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် ကျောက်မျက်၊ ကျောက်စိမ်းကဏ္ဍ အတွက် ကုမ္ပဏီ (၈၄) ခုပါဝင်သည့်နည်းလမ်း (၂) အပြင် ထို (၈၄) ခုတွင် မပါဝင်သည့် အခြားကုမ္ပဏီ (၁၀) ခုအား ထည့်သွင်းရန် သဘောတူခဲ့ကြသည်။

**(၁၆) ကြိမ်မြောက် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော် ပြီးစီးမှု အခြေအနေအား တင်ပြခြင်း**

၂၁။ စီမံကိန်းမန်နေဂျာမှ ပထမဦးဆုံးအနေဖြင့် ကျန်ရှိနေသေးသည့် SNUs များအား ယခုနှစ်မကုန်ခင် အပြီးသတ်ဖွဲ့စည်းနိုင်ရန် ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ရှမ်းပြည်နယ်တွင်

အောက်တိုဘာလ (၃၀-၃၁) ရက်နေ့တွင် ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သည့်အမိန့်ကြေညာစာအရ ရခိုင်ပြည်နယ်တစ်ခုသာဖွဲ့စည်းရန် ကျန်ရှိတော့ကြောင်း၊ အဆိုပါ SNU ကိစ္စအား သီးသန့်ကဏ္ဍတစ်ခုအနေဖြင့် တင်ပြမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် SNU ဖွဲ့စည်းနိုင်ရေးခရီးစဉ်အား ဒီဇင်ဘာလ (၆-၇) ရက်နေ့တွင် ပြုလုပ်ရန်လျာထားကြောင်း၊ BO နှင့်ပတ်သက်၍ လိုအပ်သည့်ကိုယ်စားလှယ်များအား ထပ်မံဖြည့်စွက်ရန်ကိစ္စတွင် အမည်စာရင်း များရရှိပြီးဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ တရားဝင် စာထွက်နိုင်ရန်လိုအပ်နေသေးကြောင်း၊ BO Focal Agency သတ်မှတ်ရန်ကိစ္စသည်လည်း ဆောင် ရွက်ပြီးဖြစ်ပါကြောင်း၊ DICA အား တာဝန်ပေးခဲ့ကြောင်း၊ BO လုပ်ငန်းလမ်းညွှန်ချက်နှင့်ပတ်သက်သော ကိစ္စအား BO Task Force အစည်းအဝေးတွင် မဆွေးနွေးနိုင်ခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် လုပ်ငန်းလမ်းညွှန်ချက်သည် လည်း အထက်ပါ BO ဖြည့်စွက်ဖွဲ့စည်းခြင်းနှင့် BO Focal Agency ကိစ္စ များနှင့် ဆက်စပ်နေသောကြောင့်ဖြစ်ကြောင်း၊ သစ်တောကဏ္ဍအစီရင်ခံစာအား Moore Stephen (IA) မှ လာရောက်ရှင်းလင်းရန်ကိစ္စအား ချိတ်ဆက်ဆောင်ရွက်ရာတွင် Moore Stephen ၏ Power Point အား ရရှိခဲ့ကြောင်း၊ Mining Cadaster Briefing Workshop နှင့်ပတ်သက်၍ နိုဝင်ဘာလ (၅) ရက်နေ့ တွင် ကျင်းပသော ဦးဆောင်ကော်မတီအစည်းအဝေးတွင် တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ နိုဝင်ဘာလ (၁၅) ရက်နေ့တွင် အဆိုပါ Workshop အား ကျင်းပခဲ့ကြောင်း၊ ရေအားလျှပ်စစ်ကဏ္ဍအစီရင်ခံစာနှင့် ပတ်သက်၍လည်း MSG သို့ အခြေအနေများအား အစီရင်ခံပြီးဖြစ်ကြောင်း၊ ဦးဆောင်ကော်မတီအစည်း အဝေး၏ ဆုံးဖြတ်ချက်အတိုင်း MOEE မှ တာဝန်ရှိသူတစ်ဦးမှ လာရောက်ရှင်းလင်းတင်ပြမည်ဖြစ်ကြောင်း၊ သီးသန့်ကဏ္ဍတွင် လာရောက်ရှင်းပြမည်ဖြစ်ကြောင်း၊ PwC မှ နယ်ပယ်လေ့လာသတ်မှတ် ခြင်းအစီရင်ခံစာအတွက် စတင်ဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်၍ ယနေ့အစည်းအဝေးတွင် နယ်ပယ် လေ့လာသတ်မှတ်ခြင်းအစီရင်ခံစာအား တင်ပြမည်ဖြစ်ကြောင်း၊ ၃.၅ သန်းထက်ကျော်လွန် နေသည့်လုပ်ငန်းအစီအစဉ်နှင့်ဘက်ဂျက်အတွက် သီးခြားရန်ပုံငွေရှာဖွေရန်ကိစ္စ အတွက် ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ SNU ကုန်ကျစရိတ်အတွက် ချိတ်ဆက်ဆောင်ရွက်ရန်ကိစ္စတွင် MOBD မှ SNU များသို့ တိုက်ရိုက်ငွေလွှဲ၍ ဆောင်ရွက်မရသောကြောင့် မဆောင်ရွက်ရသေးေ ကြာင်း၊ ထို့အပြင် အခြား နည်းလမ်းအဖြစ် SNU များအတွက် သီးခြားရန်ပုံငွေရှာဖွေရန်လည်း စဉ်းစားထားပါကြောင်း၊ အစီရင်ခံ စာထုတ်ပြန်ကြေညာခြင်းအခမ်းအနားအား နိုဝင်ဘာလ (၁၉) ရက်နေ့၌ ရန်ကုန်တွင် ကျင်းပခဲ့ကြောင်း၊ လူထုဆွေးနွေးပွဲလည်းပြုလုပ်ခဲ့ကြောင်း၊ နေပြည်တော်တွင် ပြုလုပ်မည့်အခမ်းအနားသည် လွှတ်တော် နှင့်အစိုးရကဏ္ဍပုဂ္ဂိုလ်များအား ဦးတည်ထားသောကြောင့် လွှတ်တော်မရပ်နားသေးသည့် ဒီဇင်ဘာလ (၁၇) ရက်နေ့အား ကျင်းပရန် ရည်ရွယ်ထားကြောင်း၊ EITI ညီလာခံအား ကျင်းပရန်ကိစ္စအား ဒီဇင်ဘာ လအတွင်းတွင် ဆောင်ရွက်ရန်အချိန်အကြပ်အတည်းရှိသဖြင့် ပြန်ကြားရေးနှင့်ပြင်ပဆက်ဆံရေး လုပ်ငန်းခွဲ ကော်မတီအစည်းအဝေး၌ ၂၀၁၉ ခုနှစ်၊ ပထမ (၃) လပတ်တွင် ဆောင်ရွက်ရန်လျာထား ကြောင်း၊ အစီရင်ခံစာပြုစုရာတွင် ပူးပေါင်းပါဝင်ခဲ့သည့်ကုမ္ပဏီများနှင့် BO ကနဦးလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သည့် ကုမ္ပဏီများအား

မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်ရန်ကိစ္စတွင် သက်ဆိုင်ရာဝန်ကြီးများ မှ လက်မှတ်ထိုးရန် ကျန်ရှိနေသေးသောကြောင့် မပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အကောင်အထည် ဖော်ရန် ကျန်ရှိနေသေးသည့် အစည်းအဝေးဆုံးဖြတ်ချက်များအား ပြန်လည်ဆွေးနွေးရန်ကိစ္စတွင် နိုဝင်ဘာလ (၁၆) ရက်နေ့တွင် လုပ်ငန်းအစီအစဉ်နှင့်စီမံအုပ်ချုပ်မှု လုပ်ငန်းခွဲကော်မတီအစည်းအဝေးတွင် ဆွေးနွေး ခဲ့ပြီးဖြစ်ကြောင်း စသဖြင့် တင်ပြခဲ့သည်။

**ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် Grant Agreement အား သက်တမ်းတိုးခြင်း**

၂၂။ အောက်တိုဘာလ (၉) ရက်နေ့တွင် ကျင်းပခဲ့သော လုပ်ငန်းကော်မတီ၏ အစည်းအဝေး ဆုံးဖြတ်အရ အောက်တိုဘာလ (၁၆) ရက်နေ့တွင် လုပ်ငန်းအစီအစဉ်နှင့်ဘက်ဂျက်အား ဒေါ်လာ ၃.၅ အတွင်းတွင် ဝင်ရောက်ရန် ပြင်ဆက်ခဲ့ကြောင်း၊ ကမ္ဘာ့ဘဏ်မှ အဆိုပါဘက်ဂျက်အား နိုဝင်ဘာလ (၂) ရက်နေ့တွင် NOL ရခဲ့ကြောင်း၊ ထပ်မံချုပ်ဆိုရမည့်စာချုပ်များအဖြစ် Mining Cadaster Phase (II) ၏ အကြံပေးပုဂ္ဂိုလ်ငှားရမ်းရန်နှင့် NCS ၏ ရုံးခန်းအား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလကုန်တွင် ပြန်လည် ပြင် ဆင်ချုပ်ဆိုရန် နှင့် (၅) ကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာထုတ်ပြန်ရန်တို့ဖြစ်ကြောင်း၊ အဆို ပါ စာချုပ်များသည် ၂၀၂၀ ခုနှစ်အထိ သက်တမ်းတိုးရန်လိုအပ်ကြောင်း၊ နိုဝင်ဘာလ (၅) ရက်နေ့တွင် ကျင်းပခဲ့သော ဦးဆောင်ကော်မတီအစည်းအဝေးတွင် Grant Agreement အား သက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ထို့ကြောင့် MSG များ သဘောတူဆုံးဖြတ်ပေးစေလိုကြောင်း၊ သက်တမ်းတိုးခြင်း များ ပြုလုပ်နိုင်သော်လည်း ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ အဆိုပါလုပ်ငန်းများအတွက်ငွေကြေး လုံလောက်မှုမရှိကြောင်း၊ ၂၀၂၀ ခုနှစ် ဘက်ဂျက်အားဖြင့် NCS အတွက် ပါဝင်တော့မည်မဟုတ် ကြောင်း၊ သို့သော်လည်း အခြားနိုင်ငံများတွင်လည်း ဘက်ဂျက်ရှိသည့်လုပ်ငန်းများကို အကောင်အ ထည်ဖော်နေစဉ် ဘက်ဂျက်မရှိသည့် လုပ်ငန်းအစီအစဉ်များကိုလည်း ရေးဆွဲကြကြောင်း၊ သက်ဆိုင်ရာ အစုအဖွဲ့မှ အဆိုပါလုပ်ငန်းအစီအစဉ်များအတွက် ရန်ပုံငွေရှာဖွေပေးကြကြောင်း၊ ထို့ကြောင့် ဒေါ်လာ ၃.၅ သန်းထက်ပိုသော ဘက်ဂျက်များအား ယခုအချိန်မှစ၍ ရှာဖွေပေးရန် MSG သို့ အသိပေးတိုက် တွန်းပါကြောင်း၊ လက်ရှိငွေကြေးထောက်ပံ့သည့်အဖွဲ့အစည်းများမှလည်း လိုအပ်နေသည့်ငွေကြေး အား ထပ်မံပေးရန်လည်းအစီအစဉ်ရှိပြီး လက်ရှိအကောင်အထည်ဖော်နေသည့်နည်းလမ်းဖြင့် ထပ်မံ ပေးရန်ခက်ခဲသည်ဟု သိရကြောင်း၊ MSG အနေဖြင့် MEITI လုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရန် မည် ကဲ့သို့ စဉ်းစားချက်များကို ၎င်းတို့မှ သိလိုသည်ဟု ဆိုထားကြောင်း၊ လောလောဆည်အနေဖြင့် MEITI လုပ်ငန်းစဉ်များကို တစ်ချိန်ချိန်တွင် အစိုးရဌာနသို့ လွှဲပြောင်းပေးရန် ရည်ရွယ်ချက်ရှိခဲ့ကြောင်း၊ သို့သော် အဆိုပါရည်ရွယ်ချက်သည် လတ်တလောတွင် အလုပ်မဖြစ်သေးဟု သိရှိကြကြောင်း၊ MOBD နှင့် NCS အကြားတွင် MOBD မှ ငွေကြေးကဏ္ဍ နှင့် NCS မှ နည်းပညာကဏ္ဍညှိနှိုင်းရေးပိုင်းများ

ဆောင် ရွက်ရန်ခွဲခြားထားကြောင်း၊ လော၂ဆည် ငွေကြေးထောက်ပံ့သည့်အဖွဲ့များမှ အကောင်အထည်ဖော်မှု ပုံစံအသစ်အား လိုလားနေကြကြောင်း၊ လက်ရှိအချိန်တွင် MEITI လုပ်ငန်းစဉ်များ အကောင်အထည် ဖော်မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ရန်လိုအပ်ကြောင်း၊ အဆိုပါသုံးသပ်ခြင်းလုပ်ငန်းကို ပြင်ပ ပုဂ္ဂိုလ်တစ်ဦးအားခေါ်၍ ဆောင်ရွက်သင့်ကြောင်း၊ ၎င်း၏ လုပ်ငန်းလမ်းညွှန်တွင် လက်ရှိလုပ်ငန်း အကောင်အထည်ဖော်ရာတွင် တွေ့ရှိရသည့်အခက်အခဲများအား သုံးသပ်ရန်၊ MEITI တာဝန်ရှိသူများ၊ အစုအဖွဲ့များနှင့်တိုင်ပင်ဆွေးနွေးရန်၊ အခြား EITI နိုင်ငံများ၏ လုပ်ငန်းအကောင်အထည်ဖော်နေသည့် စုဖွဲ့မှုများကို သုံးသပ်ရန်နှင့် လေ့လာသုံးသပ်မှုများမှ ရွေးချယ်စရာနည်းလမ်းများကို ပေးရန် စသည့်တို့ ပါဝင်စေချင်ကြောင်း၊ ဒုတိယအချက်အနေဖြင့် နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးမှ အကဲဖြတ်ရလဒ် သည်လည်း ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရရှိမည်ဟုသိရကြောင်း၊ ၂၀၂၀ ခုနှစ်အထိ ဘက်ဂျက် အား ပြင်ဆင်သင့်ပြီဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် Grant နှင့် MoU များအား ပြင်ဆင်ရန် ဆုံး ဖြတ်ချက်ချပေးစေလိုကြောင်း၊ ကမ္ဘာ့ဘဏ်မှ NOL ရရှိထားသည့်ဘက်ဂျက်တွင် NCS ၏ ဘက်ဂျက် အား ဒေါ်လာ ၆.၅ သိန်းခန့်ရေးဆွဲထားကြောင်း၊ ထို့ကြောင့် Grant Agreement နှင့် MoU ပြင်ဆင်ရန် ဆုံးဖြတ်ပေးစေလိုကြောင်း၊ ဒုတိယအချက်အနေဖြင့် MEITI အကောင်အထည်ဖော်မှုဆိုင်ရာ စုဖွဲ့မှုနှင့် ပတ်သက်၍ နားလည်တတ်ကျွမ်းသူအား ငှားရမ်းရန်ကိစ္စအား ဆုံးဖြတ်ပေးစေလိုကြောင်း၊ အဆိုပါကိစ္စ အား ဆုံးဖြတ်မှသာ ဘက်ဂျက်တွင် ထည့်သွင်းနိုင်မည်ဖြစ်ကြောင်း၊ Validation ရလဒ်ထွက်လာပါက လုပ်ငန်းအစီအစဉ်နှင့်ဘက်ဂျက်အား ပြင်ဆင်ရေးဆွဲရန်လည်းပါဝင်ကြောင်း စသဖြင့် စီမံကိန်းမန်နေဂျာမှတင်ပြခဲ့သည်။

၂၃။ MOBD မှလည်း Grant Agreement ပြင်ဆင်ခြင်းကိစ္စနှင့်ပတ်သက်၍ လက်ရှိအချိန်ထိ ဘာကြောင့် ပြင်ဆင်သင့်ကြောင်းနှင့် Category လိုက်ပြင်ဆင်ရန်ရှိကြောင်း၊ လက်ရှိအချိန်ထိ ၁.၈ မီလီယံအထိသာ သုံးစွဲရသေးကြောင်း၊ ၂.၂ မီလီယံခန့်သုံးစွဲရန်ကျန်နေသေးကြောင်း၊ ကျန်ရှိနေသည့် တစ်နှစ်အတွင်း အကုန်သုံးစွဲရန်လည်း မဖြစ်နိုင်ကြောင်း၊ Mining Cadaster သည်လည်း ၂ နှစ်ခန့် အချိန်ယူရမည်ဖြစ်သဖြင့် ယခုအချိန်မှစ၍ ဆောင်ရွက်ပါကလည်း Grant Agreement ကာလပြီး၍ နောက်ထပ် ၁ နှစ်အထိအချိန်ယူရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဆင်ရန်အဆိုပြုခြင်းဖြစ် ကြောင်း၊ အပိုင်း (၃) ပိုင်းရှိပြီး အပိုင်း (၁) တွင်လုပ်ငန်းစဉ်အားလုံး၏ ဘက်ဂျက်၊ အပိုင်း (၂) တွင် MOBD ၏ အသုံးစရိတ်နှင့် အပိုင်း (၃) သည် NCS ၏ အသုံးစရိတ်ဖြစ်ကြောင်း၊ NCS ၏ အသုံးစရိတ်အား ယခင်က ဒေါ်လာ ၄ သိန်းဖြင့်သဘောတူထားပြီး ပြီးခဲ့သည့် NOL အရ ဒေါ်လာ ၆.၅ သိန်းခန့်ရှိကြောင်း၊ ဝန်ထမ်းများထပ်တိုးခန့်ခြင်း၊ အိမ်ခန်းငှားခ မြင့်တက်လာခြင်း စသည့်တို့ကြောင့် ပမာဏများလာခြင်းဖြစ်ကြောင်း၊ MOBD ၏ အသုံးစရိတ်အတွက် လက်ရှိ ဒေါ်လာ ၂.၅ သိန်းဖြင့် လုံလောက်ကြောင်း၊ Grant Agreement ပြီးသည်အထိ အဆိုပါ ဒေါ်လာ

၂.၅ သိန်းဖြင့် လုံလောက်နိုင်ကြောင်း၊ NCS အနေဖြင့် ဒေါ်လာ ၆.၅ သိန်းအား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ အထိသာလျာထားခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ်နောက်ပိုင်းတွင် ဘက်ဂျက်မရှိတော့ကြောင်း၊ NCS ၏ ဘက်ဂျက်အတွက် လောလောဆည်တွင် အပိုင်း (၁) မှ မျှဝေထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် Grant Agreement အား နှစ်တိုးဝအပါအဝင် ငွေကြေးခေါင်းစဉ်ပြောင်းလဲမှုများအား အဆိုပြုထား ကြောင်း၊ MSG မှ အဆိုပါ အပိုင်းများအလိုက် ဆုံးဖြတ်ချက်ချပေးစေလိုကြောင်း တင်ပြခဲ့သည်။ MSG မှလည်း အဆိုပြုသည့်ဆုံးဖြတ်ချက်များအား သဘောတူညီခဲ့သည်။

၂၄။ MSG ကိုယ်စားလှယ်တစ်ဦးမှ ကျွမ်းကျင်သူများအား NCS တွင်ခန့်ထားပါက စာချုပ်ဖြင့်ခန့်ထားစေချင် ကြောင်း အကြံပြုခဲ့သည်။ မည်သည့်ကာလအထိ အထက်ပါအကြံပေးပုဂ္ဂိုလ်အား ငှားရမ်းမည်နည်းဟု မေးခွန်းအား လောလော ဆည်တွင် MSG မှဆုံးဖြတ်ပြီးမှသာ ToR နှင့်ကာလများတိတိကျကျ သတ်မှတ်နိုင်ပြီးဖြစ်ပြီး ထိုကဲ့သို့ ငှားရမ်းနိုင်ရန် လအတန်ကြာ အချိန်ယူရမည်ဖြစ်ကြောင်း စီမံကိန်းမနေရာမှ တင်ပြခဲ့သည်။
အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း NCS တွင်လည်းကောင်း၊ MSG တွင်လည်းကောင်း၊ MOBD တွင် လည်းကောင်း အလုံးစုံအားနည်းနေသေးကြောင်း၊ အစည်းအဝေးတတ်သည့်သူလည်း တသမတ် တည်းမဖြစ်နေဘဲ အချိန်ပြည့်အစည်းအဝေး မထိုင်သူများလည်းရှိကြောင်း၊ ထို့ကြောင့် ကဏ္ဍအားလုံး လွှမ်းခြုံ၍ သုံးသပ်နိုင်မည်ဆိုပါက ကြိုဆိုကြောင်းလည်း မှတ်ချက်ပေးခဲ့သည်။ ကမ္ဘာ့ဘဏ်မှလည်း စီမံကိန်းမန်နေဂျာတင်ပြသွားသည်မှာ Implementation Structure အား စီစစ်ရန် တင်ပြသွားသည်ဟုထင်မြင်ပြီး ကိုယ်စားလှယ်များမှ လုပ်ငန်းစဉ်တစ်ခုလုံးသုံးသပ်ခြင်းနှင့် နားလည်မှုလွဲမှားနေသည်ဟု ထင်မြင်ကြောင်း ထောက်ပြခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးမှလည်း Secretariat ရုံးနှင့် MOBD တို့၏ စုဖွဲ့မှုပုံစံအား လေ့လာမည် ဆိုပါက ပိုမိုကောင်းမွန်ပြီး အကျိုးရှိမည်ဟု ထင်မြင်ကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက်ကဏ္ဍအား လုံးမှလည်း သဘောတူခဲ့သည်။

**လုပ်ငန်းလျာထားချက်များ**

၂၆။ နိုဝင်ဘာလ (၂၉) ရက်နေ့တွင် မကွေး SNU အား ဖွဲ့စည်းရန်လျာထားကြောင်း၊ ဒီဇင်ဘာလ (၄-၅) ရက် တွင် Template Training ကျင်းပရန်လျာထားကြောင်း၊ ရခိုင် SNU အား ဒီဇင်ဘာလ (၆-၇) ရက်တွင် လျာထားကြောင်း။ SOE Workshop အား ဒီဇင်ဘာလ (၁၃-၁၄) ရက်တွင် ပြုလုပ်ရန်လျာထားကြောင်း၊ ဒီဇင်ဘာလ (၁၇) ရက်နေ့၌ နေပြည်တော်တွင် အစီရင်ခံစာများထုတ်ပြန်ကြေညာခြင်းနှင့်လူထုဆွေး နွေးပွဲအား လျာထားကြောင်း၊ Recommendation Consultation Workshop အား ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ပြုလုပ်ရန်လျာထားကြောင်း၊ ဒီဇင်ဘာလ (၂၀) နှင့် (၂၁) ရက်နေ့၌ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်း၏ လူထုဆွေးနွေးပွဲများ အသီးသီးပြုလုပ်ရန် လျာထားကြောင်း၊ လက်တွေ့ကျမကျ

စဉ်းစားပေးစေလိုကြောင်း တင်ပြခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးမှ ဒီဇင်ဘာလ (၁၇) ရက်နေ့သည် ရုံးဖွင့်ရက်ဖြစ်နေ၍ လွှတ်တော် ကိုယ်စားလှယ်များတက်ရောက်ရန်ခက်ခဲမည်ဖြစ်ပြီး မိမိတို့ MATA အနေဖြင့် နိုင်ငံလုံးဆိုင်ရာအစည်း အဝေးရှိနေသည့်အတွက် ပြန်လည်သုံးသပ်စေချင်ကြောင်း အကြံပြုခဲ့သည်။

၂၇။ ဆက်လက်၍ စီမံကိန်းမန်နေဂျာမှ အရန်ကိုယ်စားလှယ်များအတွက် ခရီးစရိတ်ထုတ်ပေးရန်ကိစ္စအား ဆုံးဖြတ်ပေးစေလိုကြောင်း၊ လောလောဆည်တွင် အရန်ကိုယ်စားလှယ်များအနေဖြင့် တင်းပြည့်ကိုယ် စားလှယ်နှင့်အတူတက်ရောက်ပါက ခရီးစရိတ်များမရရှိကြောင်း၊ အချို့သောအစည်းအဝေးများတွင် လုပ်ငန်းအချိတ်အဆက်မိစေရန် အတွက် အရန်ကိုယ်စားလှယ်များအနေဖြင့် တင်းပြည့်ကိုယ်စားလှယ် များနှင့်အတူ အစည်းအဝေးတက်ရကြောင်း၊ သို့သော်ခရီးစရိတ်များရရှိခြင်းမရှိကြောင်း၊ ထို့ကြောင့် လိုအပ်သည့်အသုံးစရိတ်ထုတ်ပေးနိုင်ရန် အတွက် ဆုံးဖြတ်ပေးစေလိုကြောင်း၊ နေ့တွက်စရိတ်များ ပေး နိုင်ရန်အတွက် ဆုံးဖြတ်ပေးစေလိုကြောင်း၊ တည်းခိုစရိတ်အား ယခင်သတ်မှတ်ထားသည့်ပမာဏ ၄၀၀၀၀ ကျပ်အစား ဒေါ်လာ (၅၀) အထိ သတ်မှတ်ပေးစေလိုကြောင်း စီမံကိန်းမန်နေဂျာမှ တင်ပြခဲ့ သည်။ မိမိတို့အနေဖြင့် MSG မှ ဆုံးဖြတ်ပေးပါက သက်ဆိုင်ရာအလှူရှင်များနှင့်ညှိနှိုင်းရမည်ဖြစ် ကြောင်း တင်ပြခဲ့သည်။ အစိုးရကိုယ်စားလှယ်တစ်ဦးမှ အရန်ကိုယ်စားလှယ်များအတွက် ခရီးစရိတ်နှင့်အခြားစရိတ်များ ထုတ် ပေးနိုင်ရန် ဘက်ဂျက်လုံလောက်မှုရှိမရှိမေးခွန်းအား လက်ရှိလျာထားသော ဘက်ဂျက်နှုန်းများအတိုင်း ဆိုပါက ပေးနိုင်ဖွယ်ရှိကြောင်း ဖြေကြားခဲ့ပြီး နေ့တွက်စရိတ်ပေးချေခြင်းနှင့်ပတ်သက်၍လည်း သတ် မှတ်နှုန်းထားများအတိုင်း ပေးချေနိုင်ရန် စီစဉ်ထားကြောင်းနှင့် မိမိတို့အနေဖြင့် ဆက်လက်ညှိနှိုင်းရဦး မည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

## SNU ဖွဲ့စည်းခြင်းအခြေအနေ

၂၈။ လက်ရှိအနေအထားအရ ရခိုင်ပြည်နယ် SNU အဖွဲ့ ဖွဲ့စည်းရန်ကျန်ရှိနေသေးပြီး ယခင်က ရခိုင်ပြည်နယ်နယ်မြေမအေးချမ်းမှုနှင့် မြေပြင်အခြေအနေများကြောင့် အဆိုပါ SNU ဖွဲ့စည်းရေးအား ခေတ္တဆိုင်းငံ့ထားရန်အတွက် သဘောထားမှတ်ချက်များရရှိခဲ့ကြောင်း၊ MSG များမှ သဘောထား မှတ်ချက်များပေးစေလိုကြောင်း တင်ပြခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးမှ SNU ဖွဲ့စည်းရေးအတွက် လက်ရှိအခြေအနေတွင် (၄) ခုဖွဲ့စည်းပြီး (၂) ခုကျန်နေသေးကြောင်း၊ ကျန် (၂) ခုတွင် မကွေးတိုင်း၌ မကြာမီဖွဲ့စည်းမည်ဖြစ်ပြီး ရခိုင် SNU ဖွဲ့ စည်းရေးအား ဆိုင်းငံ့ထားမည်ဆိုပါက ခိုင်မာသည့်အကြောင်းပြချက်ပေးရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ သည်။ တွင်းထွက်လုပ်ငန်းများရှိ၊မရှိ မေးခွန်းအား အစိုးရကိုယ်စားလှယ်တစ်ဦး ရေနံကမ်းလွန်စီမံကိန်းများရှိ ကြောင်းဖြေကြားခဲ့သည်။ စီမံကိန်းမန်နေဂျာမှ SNU များအား

ဖွဲ့စည်းပြီးပါက ၎င်းတို့၏ လုပ်ငန်းစဉ်များလည်း အကောင်အထည် ဖော်ရမည်ဖြစ်ပြီး အကောင်အထည်မဖော်ပါက အချည်းအနှီးဖြစ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်ကိုင်းတိုင်းနှင့်မန္တလေးတိုင်းဒေသများအား လူထုဆွေးနွေးပွဲများကျင်းပရန် စီစဉ်ထားခြင်းဖြစ်ကြောင်း တင်ပြ ခဲ့သည်။ ထို့အပြင် မိမိတို့ NCS အနေဖြင့် MSG မှ ဆုံးဖြတ်ပေးပါက ဆုံးဖြတ်သည့်အတိုင်း ဆက်လက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။ SNU ဖွဲ့စည်းရာတွင် ပါဝင်သင့်သူများအားလုံးပါဝင်ရေး (all-inclusiveness) နှင့်အား လုံး ကိုယ်စားပြုနိုင် ရန် စဉ်းစားသင့်ကြောင်း၊ ကမ္ဘာ့ဘဏ်မှ ပြီးခဲ့သည့် ပြန်ကြားရေးနှင့် ပြင်ပဆက်ဆံရေး အစည်းအဝေးတွင်လည်း သုတေသနတွေ့ရှိချက်များအား တင်ပြခဲ့ကြောင်း ဆွေးနွေးခဲ့သည်။ SNU များအား MSG အစည်းအဝေးတွင်ဖိတ်ကြားခြင်းကိစ္စအား ယခင်က အလှည့်ကျဖိတ်ကြားရန်သာ အစည်းအဝေးဆုံးဖြတ်ချက်ရှိသဖြင့်အလှည့်ကျသာဖိတ်ကြားခဲ့ကြောင်းနှင့်ယနေ့အစည်းအဝေးတွင် ရှမ်းပြည်နယ် SNU တစ်ခုသာဖိတ်ကြားခဲ့ကြောင်းဆွေးနွေးခဲ့သည်။ SNU ဘတ်ဂျက်များနှင့်ပတ်သက်၍ မေးမြန်းရာတွင် SNU ဘတ်ဂျက်အားဖြင့် ဒေါ်လာ ၁ သိန်းခန့်ရှိသော်လည်း လက်ရှိဘဏ္ဍာရေးစည်းကမ်းများအရ SNU များအနေဖြင့် တိုက်ရိုက်ငွေသုံးစွဲ၍ မရကြောင်း စီမံကိန်းမန်နေဂျာမှ တင်ပြခဲ့သည်။ ထို့နောက် SNU များအား MSG အစည်းအဝေးသို့ပုံမှန်ဖိတ်ကြားရန်သဘောတူခဲ့သည်။

ရေအားလျှပ်စစ်ကဏ္ဍအစီရင်ခံစာနှင့်သစ်တောကဏ္ဍအစီရင်ခံစာ ထုတ်ပြန်မှုဆိုင်ရာ နောက်ဆုံး အခြေအနေ

၂၉။ ရေအားလျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ သက်ဆိုင်ရာ လျှပ်စစ်စွမ်းအား စီမံကိန်းဦးစီးဌာနမှ လာရောက်ရှင်းလင်းတင်ပြခဲ့သည်။ ထိုရှင်းလင်းတင်ပြချက်အား MSG များမှ ဆွေးနွေးပြီး (၁၈) ကြိမ်မြောက်အစည်းအဝေးတွင် လာရောက်ရှင်းလင်း တင်ပြရန် သဘောတူ ခဲ့သည်။ သစ်တောကဏ္ဍအစီရင်ခံစာနှင့်ပတ်သက်၍ အစိုးရကိုယ်စားလှယ်တစ်ဦးက ယင်းအစီရင်ခံစာသည် လုံလောက်ကြောင်းတင်ပြဆွေးနွေးခဲ့ပြီး သစ်တောကဏ္ဍအစီရင်ခံစာအား အတည်ပြုခဲ့ကြသည်။

၃၀။ Mining Cadaster လုပ်ငန်းစဉ်၏ နောက်ဆုံးအခြေအနေများအား မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ ရှင်းလင်းတင်ပြကာ လိုအပ်သော ArcGIS Software အတွက် ဘတ်ဂျက်အား အသုံးပြုရန် ခွင့်ပြုခဲ့သည်။ ထို့နောက် အစည်းအဝေးဆုံးဖြတ်ချက်များအား ပြန်လည်အတည်ပြုခဲ့ကြကာ အစည်းအဝေးပြီးမြောက်ကြောင်း ကြေညာခဲ့သည်။

## (၁၇) ကြိမ်မြောက် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ အစည်းအဝေး

### အစည်းအဝေးအစီအစဉ်

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက် — Horizon Lake View ဟိုတယ်၊ နေပြည်တော်

| အချိန် | အကြောင်းအရာ | လုပ်ပုဂ္ဂိုလ်/ အဖွဲ့အစည်း |
|---|---|---|
| ၀၉း၃၀ - ၀၉း၄၀ | အဖွင့်အမှာစကား | MSG-C |
| ၀၉း၄၀ - ၀၉း၅၀ | အမှာစကား | MEITI-NC |
| ၀၉း၅၀ - ၁၀း၂၀ | လုပ်ငန်းနယ်ပယ်လေ့လာသတ်မှတ်ခြင်းအစီရင်ခံစာ (Scoping Study Report) တင်သွင်းခြင်းနှင့် ဆွေးနွေးခြင်း | PwC<br>MSG |
| ၁၀း၂၀ - ၁၀း၄၀ | **အစည်းအဝေး ခေတ္တရပ်နားခြင်း** | |
| ၁၀း၄၀ - ၁၂း၀၀ | လုပ်ငန်းနယ်ပယ်လေ့လာသတ်မှတ်ခြင်းအစီရင်ခံစာ (Scoping Study Report) အပေါ် ဆက်လက်ဆွေးနွေးခြင်း | PwC<br>MSG |
| ၁၂း၀၀ - ၁၃း၀၀ | **နေ့လည်စာ သုံးဆောင်ခြင်း** | |
| ၁၃း၀၀ - ၁၄း၄၀ | လုပ်ငန်းနယ်ပယ်လေ့လာသတ်မှတ်ခြင်းအစီရင်ခံစာ (Scoping Study Report) အပေါ် ဆက်လက်ဆွေးနွေးခြင်း | MSG<br>PwC |
| ၁၄း၄၀ - ၁၅း၀၀ | (၁၆) ကြိမ်မြောက် MSG အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုနှင့် လုပ်ငန်းသဘောတူညီချက် (Grant Agreement) သက်တမ်းတိုးမြှင့်မှုအပါအဝင် ရှေ့လုပ်ငန်းစဉ်လျာထားချက်များအား ရှင်းလင်းတင်ပြခြင်း | NCS |
| ၁၅း၀၀- ၁၅း၂၀ | **အစည်းအဝေး ခေတ္တရပ်နားခြင်း** | |
| ၁၅း၂၀ - ၁၅း၄၀ | ရေအားလျှပ်စစ်ကဏ္ဍအစီရင်ခံစာထုတ်ပြန်မှုဆိုင်ရာ နောက်ဆုံးအခြေအနေများ ရှင်းလင်းတင်ပြခြင်းနှင့် ဆွေးနွေးခြင်း | NCS<br>MOEE |
| ၁၅း၄၀ - ၁၆း၂၀ | သစ်တောကဏ္ဍအစီရင်ခံစာ နောက်ဆုံးအခြေအနေများ ရှင်းလင်းတင်ပြခြင်းနှင့် ဆွေးနွေးခြင်း | NCS |
| ၁၆း၂၀ - ၁၆း၃၅ | SNU ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေများ ရှင်းလင်းတင်ပြခြင်းနှင့် ဆွေးနွေးခြင်း | NCS |
| ၁၆း၃၅ - ၁၆း၅၀ | Pre-Casdastre Working Group နှင့် Mining Casdastre တို့နှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေများ ရှင်းလင်းတင်ပြခြင်းနှင့် ဆွေးနွေးခြင်း | NCS |
| ၁၆း၅၀- ၁၇း၂၅ | ဆုံးဖြတ်ချက်များစိစစ်အတည်ပြုခြင်းနှင့် MSG နှင့် လုပ်ငန်းအဖွဲ့ကော်မတီအစည်းအဝေးများ ရက်သတ်မှတ်ခြင်း | MSG<br>NCS |
| ၁၇း၂၅ - ၁၇း၃၀ | နိဂုံးချုပ်အမှာစကားပြောကြားခြင်း | MSG-C/ VC |

# (၁၇) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များ

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက် Horizon Lake View Hotel ၊ နေပြည်တော်

| စဉ် | ဆုံးဖြတ်ချက်များ | တာဝန်ရှိသူ | ဆောင်ရွက်မည့်အချိန် |
|---|---|---|---|
| ၁ | ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍ<br><br>(က) Downstream နှင့်ပတ်သက်၍ Unilateral (ဝင်ငွေ) သာဖော်ပြရန်၊<br><br>(ခ) Downstream Scoping နှင့်ပတ်သက်၍ Power Station (၉) ခု၊ Refinery (၂) ခု၊ Petro-chemical Plant (၁) ခု၊ ပုဂ္ဂလိကကုမ္ပဏီ (၃) ခုအား ထည့်သွင်းရန်။<br><br>(ဂ) စူးစမ်းရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်း အတွက် PwC မှတင်ပြသည့် Scoping အတိုင်း ကုမ္ပဏီ (၁၆) ခုအား ထည့်သွင်းရန်။<br><br>(ဃ) သယ်ယူပို့ဆောင်ခြင်းအတွက် ကုမ္ပဏီ (၄) ခုအား ထည့်သွင်းရန်။<br><br>(င) Cost Recovery အတွက် အခွန်ဘဏ္ဍာစီးဆင်းမှုနှင့်စာရင်းများဖြင့် ဖော်ပြရန်။ | | |
| ၂ | သတ္တုကဏ္ဍ<br><br>(က) ရွှေနှင့်ပတ်သက်၍ ကျပ်သား၊ အောင်စ ယူနစ် (၂) ခုလုံးဖြင့် ဖော်ပြရန်။<br><br>(ခ) သတ္တုကဏ္ဍနှင့်ပတ်သက်၍ PwC မှတင်ပြသည့် Materiality အတွက် လွှမ်းခြုံမှု ၉၀ % ရှိပြီး ကုမ္ပဏီ (၃၁) ခုပါဝင်မည့် Option (၂) အားရွေးချယ် ရန်၊<br><br>(ဂ) ထိုကုမ္ပဏီများအတွက် အကြီးစား၊ အသေးစားများအား ဇယားဖြင့် ပြန်လည်ခွဲခြားဖော်ပြပေးရန်၊<br><br>(ဃ) အချက်အလက်များကောက်ယူမှုတွင် FerroNickel, Limestone, Copper နှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် ပြန်လည်ဆန်းစစ်ရန်။ | | |

| | | | |
|---|---|---|---|
| ၃ | ကျောက်မျက်၊ ကျောက်စိမ်းကဏ္ဍ<br><br>(က) ကျောက်မျက်၊ ကျောက်စိမ်းကဏ္ဍနှင့်ပတ်သက်၍ PwC မှတင်ပြသည့် Materiality အတွက် လွှမ်းခြုံမှု ၇၀% ရှိပြီး ကုမ္ပဏီ (၈၄) ခုပါဝင်မည့် Option (၂) အား ရွေးချယ်ရန်၊<br><br>(ခ) Significant Revenue အများဆုံးရှိသည့် ကုမ္ပဏီ (၁၀) ခုရွေးချယ်ကာ အဆိုပါကုမ္ပဏီ (၈၄) ခုအနက် မပါဝင်သေးသည့် ကုမ္ပဏီများကိုပါ ထည့်သွင်း ရန်။ | | |
| ၄ | ပုလဲကဏ္ဍ<br><br>ပုလဲကဏ္ဍနှင့်ပတ်သက်၍ PwC မှတင်ပြသည့် Scoping အတိုင်း ကုမ္ပဏီ (၁၂) ခုအား ထည့်သွင်းရန်။ | | |
| ၅ | PwC သည် ဌာနများမှ ဒေတာကောက်ယူမှုအား နေပြည်တော်တွင် လာရောက် ကောက်ယူရန်။ | | |
| ၆ | ကဏ္ဍအားလုံးအတွက် လုပ်ကွက်နှင့်ပတ်သက်၍ မြေပုံအညွှန်းများ (တိုင်းနှင့် ပြည်နယ်၊ ခရိုင်၊ ကျေးရွာအုပ်စု စသည်ဖြင့်) ပြည့်စုံစွာ Template တွင် ထည့်သွင်း၍ PwC မှတောင်းခံရန်။ | | |
| ၇ | (က) Template Training အား ဒီဇင်ဘာ (၄-၅) ရက်နေ့တွင် ကျင်းပရန်၊<br><br>(ခ) တာဝန်ယူဆောင်ရွက်နေသူတစ်ဦး၊ ဘဏ္ဍာရေးမှတာဝန်ခံတစ်ဦး၊ စီမံခန့်ခွဲသူတစ်ဦး စသည်ဖြင့် အနည်းဆုံး (၃) ဦးတက်ရောက်ရန်။ | | |
| ၈ | MEITI လုပ်ငန်းများ ရေရှည်တည်တံ့ဆောင်ရွက်နိုင်ရန် Grant နှင့် MoU တို့ အားပြင်ဆင်ရန်။ | | |
| ၉ | MEITI အကောင်အထည်ဖော်မှုဆိုင်ရာ စုဖွဲ့မှုနှင့်ပတ်သက်၍ ပြန်လည် သုံးသပ်ရန်အတွက် နားလည်တတ်ကျွမ်းသူတစ်ဦးငှားရမ်းရန်။ | | |
| ၁၀ | လိုအပ်သည့်ရန်ပုံငွေရှာနိုင်ရန်အတွက် အကဲဖြတ်ဆန်းစစ်ခြင်းလုပ်ငန်းစဉ် ရလဒ်ထွက်ပြီးသည်နှင့် Work Plan နှင့်ဘတ်ဂျက်ပြင်ဆင်ရန်။ | | |
| ၁၁ | အရန်ကိုယ်စားလှယ်များအတွက် ခရီးစရိတ်နှင့်တည်းခိုစရိတ် ထုတ်ပေးရန်။ (အရန်ကိုယ်စားလှယ်တစ်ဦးသာ) | | |
| ၁၂ | အစည်းအဝေးတက်ရောက်သူများအတွက် နေ့တွက်အသုံးစရိတ် (Per Diem) ထုတ်ပေးရန်။ | | |
| ၁၃ | ဟိုတယ်တည်းခိုခအား အများဆုံးဒေါ်လာ (၅၀) အဖြစ်သတ်မှတ်ပေးရန်။ | | |
| ၁၄ | (က) ရခိုင်ပြည်နယ်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန်၊<br><br>(ခ) ထိုသို့ဖွဲ့စည်းရာတွင် ရန်ပုံငွေထောက်ပံ့မှုနှင့်ပတ်သက်၍ ထောက်ပံ့သည့် အဖွဲ့အစည်းများမှ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သို့ တရားဝင် စာပေးပို့ရန်။ | | |

| | | | |
|---|---|---|---|
| ၁၅ | SNU များအား MSG အစည်းအဝေးများသို့ ပုံမှန်ဖိတ်ကြားရန်။ | | |
| ၁၆ | ရေအားလျှပ်စစ်ကဏ္ဍအစီရင်ခံစာအား စတုတ္ထအကြိမ် မြန်မာနိုင်ငံ EITI အစီရင်ခံစာတွင် ထည့်သွင်းခြင်းမပြုဘဲ အစီရင်ခံစာ ပြုစုထုတ်ပြန်နိုင်မည့် ကာလနှင့်ပတ်သက်၍ (၁၈) ကြိမ်မြောက်သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေးတွင် သက်ဆိုင်ရာဌာနမှ လာရောက်တင်ပြပေးရန် (သို့) အစည်းအဝေးသို့ အကြောင်းကြားပေးရန်။ | | |
| ၁၇ | သစ်တောကဏ္ဍအစီရင်ခံစာအား အတည်ပြုသည်။<br>- MATA ၏သဘောထားမှတ်ချက်အား IA ထံသို့ ပေးပို့၍ အပြီးသတ် အစီရင်ခံစာအား တောင်းရန်။ | | |
| ၁၈ | Mining Cadastre လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ArcGIS Software ဝယ်ယူရန်အတွက် USD 40,000 အား Work Planတွင် ထည့်သွင်းရေး အတွက် ခွင့်ပြုရန်၊<br><br>Mining Cadastre Consultant ToR အားအတည်ပြုရန်။ | | |
| ၁၉ | အစည်းအဝေး ကျင်းပမည့်ရက် သတ်မှတ်ခြင်း<br><br>- (၁၈) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးအား ဒီဇင်ဘာလ (  ) ရက်နေ့တွင် ကျင်းပရန်၊<br>- နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးအား ဒီဇင်ဘာလ (  ) ရက်နေ့တွင် ကျင်းပရန်၊<br>- လုပ်ငန်းအစီအစဉ်နှင့်စီမံအုပ်ချုပ်မှုလုပ်ငန်းခွဲကော်မတီအစည်းအဝေး အား ဒီဇင်ဘာလ (  ) ရက်နေ့တွင် ကျင်းပရန်၊<br>- ပြန်ကြားရေးနှင့်ပြင်ပဆက်ဆံရေးလုပ်ငန်းခွဲကော်မတီအစည်းအဝေး အား ဒီဇင်ဘာလ (  ) ရက်နေ့တွင် ကျင်းပရန်၊<br>- Mining Cadaster လုပ်ငန်းခွဲကော်မတီအစည်းအဝေးအား ဒီဇင်ဘာလ (  ) ရက်နေ့တွင် ကျင်းပရန်၊<br>- BO Task Force အား ဒီဇင်ဘာလ ( ) ရက်နေ့တွင် ကျင်းပရန်။ | | |